# မြန်မာမွတ်ဆလင်များ ညီညွတ်ရေး လမ်းညွှန်

(ကျွန်ုပ်၏ အတွေးအခေါ်အား တင်ခြင်းသာ ဖြစ်သည်)

အမှန်သော်ကား- ကျွန်ုပ်တို့ မြန်မာမွတ်ဆလင် ညီနောင်များကြား၌ သွေးကွဲ ရန်ဖြစ်နေခြင်း မဟုတ်၊ ငြင်းခုံ စကားများနေခြင်းမျှသာ ဖြစ်၏။ ဤထက်ပို၍ ဆိုရသော်- တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဘက်နှင့် တစ်ဘက် စေတနာ မေတ္တာ ပိုမိုကြီးမားခြင်းကြောင့်- အကီဒါဟ် ပျက်သွားမည်- အီမာန်အား ထိခိုက်သွားမည်ဟူ သည့် အစွဲဖြင့် အော်ဟောက်နေကြခြင်းပင် ဖြစ်၏။ ဤဖြစ်စဉ်တို့အား အပြန်အလှန်နားလည်မှုများဖြင့် တည် ဆောက်လိုက်လျှင် အလွန်တရာလှပသော အသိုင်းအဝိုင်းတစ်ခု ဖြစ်လာမည်ပင်။

(၁) **အဂတ်အစား ပြဿနာ--**၊ ကျွန်ုပ်တို့၏ သာသနာ့ပညာရှင်များနှင့် ဆရာတော်ကြီးများက အိန္ဒိယဆန်ဆန် ဂတ်စားဆင်ယင်မှုနှင့် မုတ်ဆိတ်ထားမှုသည်အား သာသနာ့ဂတ်ရုံ အဖြစ် ခံစား၏၊ မြန်မာမွတ်ဆလင် အွမ္မတ် ကိုလည်း ထိုကဲ့သို့ ဂတ်စားဆင်ယင်စေလိုသော စေတနာ ရှိ၏။ ဤသည်ကို သာသနာ့ စာပေ သုတေသီများ ဘက်မှ အယူသည်းမှု တစ်ခုသဖွယ် ထင်မှတ်ပြန်၏၊ မြန်မာဆန်ဆန် ဂတ်စားလျှင်လည်း တရားတော်နှင့် ညီ ညွတ်သည်ဟု ခုခံချေပနေ၏။ ခုခံချေပရာမှ ငြင်းခုံမှု ဖြစ်လာ၏၊ ထို့နောက် သူတစ်ပြန် ကိုယ်တစ်ပြန် ကျမ်းကိုး ကျမ်းကားများဖြင့် စောဒကတက်လာကြ၏၊ ထိုမှ ဆက်၍ မဆီမဆိုင် ပုဂ္ဂိုလ်ရေး အမြင်မကြည်လင်မှုများပင် ဖြစ်လာသည်က ရှိသေး၏။ ဤအခြေအနေအား သုံးသပ်လိုက်လျှင်--၊ ကျမ်းကိုးကျမ်းကားများနှင့် တင်ပြကြ၊ စောဒကတက်၊ စောကြောဒနာပြုခြင်းများထိ လုပသော အဆင့်များ၌ ရှိ၍-၊ ပုဂ္ဂိုလ်ရေး ထိပါးပြောဆိုသော အဆင့်မှာမူ- ရွံဘွယ်လိလိ ဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော် ဒသန တစ်ခုအား အဖြေရှာဖွေသောအခါ အပြန်အလှန် စောကြောဒနာ ပြုလျှက် ဘက်ပေါင်းစုံမှ သုတေသနပြုခြင်းတို့မှာ- တိုးတက်မှုဆီသို့ ဦးတည်နေ၍၊ ပုဂ္ဂိုလ်ရေး ထိခိုက်မှုတို့မှာ "မိမိသာ အမှန် ဖြစ်သည်"ဟူ သော အတ္တဖက်မှုကြောင့်ပင်။ အတ္တကို ဖယ်လိုက်လျှင် ပုဂ္ဂိုလ်ရေး ပဋိပက္ခများ ရှိတော့မည် မဟုတ်ပေ။

စင်စစ် ထိုနှစ်ဘက်လုံးတွင် မြန်မာမွတ်ဆလင် အွမ္မတ်အပေါ်၌ မေတ္တာစေတနာများကို တွေ့နေရ၏၊ ဆရာတော် ကြီးများ အနေဖြင့်- သာမန် အီမန်ရှင် မွတ်ဆလင်လူငယ်များ ပျက်စီးလေလွင့်နေမည့် အစား-၊ သူ့အား သာသ နာ့ ဂတ်ရုံဟု ကင်ပွန်းတပ်ထားသော ဆင်ယင်မှုဖြင့် ဆင်ယင်စေလိုက်လျှင်- ထိုလူသား၊ လူငယ်များမှာ-၊ မိမိ၏ ဂတ်ရုံအား အားနာလျှက်- ဒုစရိုက်မှု၊ မကောင်းမှုများမှ ရှောင်ကြဉ်နိုင်ကောင်းသည် ဟူသည့် ဟီကမတ် ရှိနေ၏၊ ဥပမာအားဖြင့်-- ထိုဂတ်ရုံကို ဂတ်ဆင်ထားသော ဒါရီမုတ်ဆိတ်နှင့် လူတစ်ဦးသည်- ပြည့်တန်ဆာရုံများ၊ အရက် ဆိုင် များသို့ သွားလာရန်- သူ့ကိုယ်သူ အဟန့်အတား ဖြစ်နေမည်ပင်--၊ (သွားလာရဲသော သူများမှာ ရာနှုန်း အလွန်နည်းမည်ပင်)-၊ ထိုသို့ သာမန်လူတန်းစားကြား၌ ဂတ်စားဆင်ယင်မှုသည်လည်း ထိုလူတန်းစား အတွက် စာရိတ္တအား ထိမ်းသိမ်းစေသည်ဟူသည့် စေတနာ ရှိနေ၏။

သာသနာ့ သုတေသီများ ဘက်မှလည်း-၊ မြန်မာနိုင်ငံသည် အဂတ်အစားဖြင့် လူမျိုးနွယ်အား ခွဲခြားသော တိုင်း ပြည်ဖြစ်၏၊ ဥပမာအားဖြင့် ကရင်၌ ကရင်ဂတ်စုံဖြင့်၊ ကချင်၌ ကချင်ဂတ်စုံဖြင့်၊ မြန်မာ၌ မြန်မာဂတ်စုံဖြင့် သတ်

မှတ်ထားသော အစွဲ ရှိနေ၏။ သို့ဖြစ်၍ မိမိသည် မြန်မာဟု ခံယူလျှင် မြန်မာဂုဏ်စုံကို ဂုဏ်ဆင်ခြင်းသည်- အများသူငါ လူထုကြား၌ အထင်အမြင်လွဲမှားမှုများကို ရှောင်ကြဉ်နိုင်သည်၊ လူထု၏ အထင်လွဲမှားမှုများကို ဖယ်ရှားနိုင်သည်ဟူသော စေတနာရှိနေ၏။

နှစ်ဦးနှစ်ဘက်လုံးမှ အွမ့်မှတ်အပေါ်၌ စေတနာကောင်းများ ရှိပါလျှက်- ထိုစေတနာကောင်းများအား နှစ်ဦးနှစ်ကြား၌ အပြန်အလှန်နားလည်မှုများ၊ သည်းခံမှုများ တည်ဆောက်လျှက် ဖြေရှင်းမှုအားနည်းချက်များကြောင့်သာ လုပမှုများမှာ အကျည်းတန်သွားရခြင်း ဖြစ်နေတော့သည်။-- (လွတ်လပ်စွာ ဂုဏ်စားဆင်ခြင်းနိုင်ခြင်းနှင့် ဂုဏ်စုံပေါ် အခြေခံ၍ လူ၏ တန်ဘိုး၊ လူမျိုးနွယ်၊ လူ့အခွင့်အရေးတို့အား မဆုံးဖြတ်သော နိုင်ငံများတွင် မည်သည့် ပြဿနာမှ မရှိတော့ပေ။)

(၂) **ဒဿန ဆိုင်ရာ ပြဿနာများ-** ဒဿန ဆိုင်ရာ ပြဿနာများသည်လည်း တစ်ဘက်နှင့်တစ်ဘက် အပြန်အလှန် နားလည်ပေးမှု မရှိနိုင်ဘဲ- ငါသည်မှန်သည်၊ ငါ့အယူအဆသည်သာ အလ္လာဟ်အရှင်မြတ်က မိန့်ဆိုထားသော အယူ အဆနှင့် ကိုက်ညီသည် ဟူသည့် "ငါ" ဟူသော အစွဲကြောင့်သာ ဖြစ်တည်လာရ၏။ အမှန်သော်ကား- ထို "ငါ" "ငါ" ဟု ပြောဆိုနေသည့် မည်သည့် ပုဂ္ဂိုလ်မှ ဂဟီ (ဉာဏ်စဉ်) ရရှိထားများ မဟုတ်ပေ။ မိမိ၏ ဗဟုသုတ၊ မိမိ၏ အတွေးအခေါ် အားဖြင့် မိမိ၏ ပတ်ဝန်းကျင်ပေါ် မူတည်၍ ဖြစ်တည်လာသော ဒဿန များသာ ဖြစ်၏။ ထို ဒဿန တို့အား တင်ပြခြင်းမှာ အပြစ်သင့်သော အရာ မဟုတ်ပေ၊ သို့သော် ထိုဒဿန တို့အား အခြားသူများက လက်ခံရမည်ဟု ခံယူချက်သည်သာ အပြစ်သင့်စေသော၊ သွေးကွဲစေသော အရာဖြစ်၏။ လူပုဂ္ဂိုလ်တစ်ဦး၏ တင်ပြသော ဒဿန တစ်ခုအား အခြား ပုဂ္ဂိုလ်တစ်ဦးမှ စောဒက တက်ပိုင်ခွင့်ရှိ၏၊ ချေပ ပိုင်ခွင့်ရှိ၏၊ မတူညီသော ဒဿနတစ်ခုအား တင်ပြပိုင်ခွင့်ရှိ၏၊ ဆွေးနွေး ပိုင်ခွင့်ရှိ၏၊- သို့မှသာ လေ့လာသော သူများ အဘို့ အပြန်အလှန် ရှုဒေါင့်မျိုးစုံမှ စဉ်းစားဆင်ခြင်ခွင့် ရနိုင်ကောင်းပေသည်။ သို့သော် ဒဿန တစ်ခုအား တင်ပြသူတစ်ဦးသည်- မိမိ၏ ဒဿနကိုသာ လက်ခံရမည်ဟူသော ခံယူချက်အား ပါယ်သတ်ထားနိုင်ရမည်၊ ဤသည် မိမိ၏ လေ့လာမှုဖြင့် မိမိဆင်ခြင်မိသော ဒဿနသာ ဖြစ်၍-၊ လက်ခံလိုသူများက လက်ခံပါစေ၊ လက်မခံလိုသူများသည်လည်း လက်မခံပဲ နေပါစေ-၊ လက်ခံသောသူသည် ငါ့လူ ငါ့ဘက်တော်သား မဟုတ်သလို-၊ လက်မခံသောသူသည်လည်း ငါ့ရန်သူ၊ ငါ့အတိုက်အခံ မဟုတ်ပေ- ဆိုသည့် အချက်ကို သဘောထားကြီးစွာ စွဲကိုင်ထားရန်သာ လိုပေသည်။

ဒဿန တိုင်းသည် ဟာ့က် (အမှန်တရား) ဖြစ်သည်ဟု အာမ- မခံနိုင်သကဲ့သို့၊ မည်သည့် ဒဿန ကိုမျှ မတင်ပြရဟု ပိတ်ပင်ထားခြင်းသည်လည်း အမှန်တရား (ဟာ့က်) မဟုတ်ပေ။ လက်ခံသည်ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ ပျော်ပျော်ပါးပါး- ရင်းရင်းနှီးနှီး ဆွေးနွေးတတ်သည့် အတတ်ပညာကိုသာ လိုအပ်ပေသည်။ ဒဿန အသစ်များ၊ သီအိုရီအသစ်များ မစဉ်းစား မဆင်ခြင်သော လူ့အသိုင်းအဝိုင်းသည် မည်သည့်အခါမှ တိုးတက်ဖွံ့ဖြိုးလာမည် မဟုတ်- ဟူသည့် အခြေခံ ဆင်ခြင်မှုကိုလည်း မေ့မထားအပ်ပေ။

ကျွန်ုပ်တို့ မြန်မာမွတ်ဆလင် လူ့အသိုင်းအဝိုင်းသည် အမှန်တစ်ကယ်တွင် တစ်ဦးနှင့်တစ်ဦး အီမန်ပျက်သွားမည်ကိုစိုးရိမ်သောက ကြီးသော လူ့အသိုင်းအဝိုင်းသာ ဖြစ်၍- မနာလို၊ ရန်ပြု၊ ရန်ထောင်နေသော လူ့အသိုင်းအဝိုင်းကြီး မဟုတ်ပေ။ ကျွန်ုပ် ကျင်လည် ကျက်စားဘူးသော ကမ္ဘာ့လူ့အသိုင်းအဝိုင်းနှင့် နှိုင်းယှဉ်လျှင် တစ်ဦးအပေါ် တစ်ဦးထားသော မေတ္တာ၊ စေတနာ၊ ကူညီရိုင်းပင်းမှုများမှာ- အကောင်းဆုံးအုပ်စုဝင် စာရင်း၌ ထည့်ပြောနိုင်သည့် အဆင့်၌ ရှိနေပေသည်။ ထို တန်ဘိုးအား အပြန်အလှန်နားလည် ဆွေးနွေးမှု ပေါင်းစပ်လိုက်လျှင် ပြော၍ မဆုံးနိုင်အောင် လှပ ညီညွတ်သော အွမ္မတ် တစ်ခု ဖြစ်လာမည်ပင်။

(နားလည်ပေးမှု၊ ဆွေးနွေးညှိနှိုင်းမှု၊ အပြန်အလှန် တန်ဘိုးထား လေးစားမှု၊ မိမိပြောလိုသည်ထက် အခြားတစ်ဦး၏ ပြောလိုသည်ကို နားထောင်ပေးနိုင်မှု၊-- တို့၊ မြန်မာမွတ်ဆလင် အွမ္မတ်တို့၏ နှလုံးသား၌ တိုးပွားလာပါစေ)-

ဌေးလွင်ဦး

ဦးဆောင်လှုပ်ရှားမှု တာဝန်ခံ

မြန်မာမွတ်ဆလင် တန်းတူညီမျှ လှုပ်ရှားဆောင်ရွက်မှု အဖွဲ့

အမေရိကန် ပြည်ထောင်စု